# COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ပြည်သူများ နေအိမ်တွင်နေထိုင်ရေး ပန်ကြားချက်

## (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

မြန်မာနိုင်ငံတွင် (၁၈-၁၁-၂၀၂၀)ရက်နေ့၊ ည(၈:၀၀)နာရီအချိန်အထိ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း(၇၃,၃၂၂)ဦး တွေ့ရှိခဲ့ပြီး ဆေးရုံတက်လူနာများ၏ (၇၅)ရာခိုင်နှုန်းသည် ဆေးရုံဆင်းခွင့်ရရှိကာ သေဆုံးသူစုစုပေါင်း(၁,၆၅၀)ဦးရှိခဲ့ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေမှာ ဆောင်းရာသီသို့ စတင်ကူးပြောင်းချိန်ဖြစ်ပြီး သဘာဝအားဖြင့် ဗိုင်းရပ်စ်ရောဂါပိုးများအတွက် ရောဂါကူးစက်ပြန့်ပွားမှုကို ပိုမိုဖြစ်စေနိုင်သော ကာလဖြစ်သည့်အပြင် မကြာခင်ရောက်ရှိလာမည့် ပွင့်လင်းရာသီအချိန်များနှင့် အများပြည်သူ ရုံးပိတ်ရက်ရှည်များတွင် ပြည်သူလူထုအနေဖြင့် ခရီးသွားလာခြင်းများပြုပါက ရောဂါပိုးကူးစက်မှုများ ပိုမိုပြန့်ပွားစေနိုင်ပါသည်။

၎င်းအပြင် (၂၀၂၀)ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေ ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းဖြစ်ပေါ်ခဲ့သော လူစုလူဝေးများကြောင့် ရောဂါကူးစက်ဖြစ်ပွားမှု တိုးမြင့်ခြင်းရှိ/မရှိ စောင့်ကြပ်ကြည့်ရှု ကာကွယ်ထိန်းချုပ်ခြင်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် အထူးအစီအစဉ်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဦးဆောင်၍ မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)ဖြင့် မျက်နှာနှင့်နှာခေါင်းစည်း၊ မျက်နှာအကာနှင့် လက်ကမ်းစာစောင်များ အခမဲ့ပေးဝေခြင်း၊ လက်ကိုင်အသံချဲ့စက်များဖြင့် အသိပညာပေးခြင်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ပိုမိုကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ပြည်သူလူထုအနေဖြင့် မလိုအပ်ဘဲခရီးသွားလာခြင်း၊ လူစုလူဝေးပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းမပြုဘဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် မိမိတို့၏နေထိုင်ရာ နေအိမ်များတွင်သာ တတ်နိုင်သမျှနေထိုင်ကြရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**